# ခရစ်တော်၏ ဧဝံဂေလိတရား၊ လက်ဝါးကပ်တိုင်နှင့် ကျွန်ုပ်

**The Gospel of Christ, The Cross & I**



ရောမ ၅:၁-၂ “ထိုကြောင့်၊ ငါတို့သည် ယုံကြည်ခြင်းရှိ၍ ဖြောင့်မတ်ရာသို့ရောက်လျှင်၊ ငါတို့သခင်ယေရှုခရစ် အားဖြင့် ဘုရားသခင့်ရှေ့တော်၌ ငြိမ်သက်ခြင်းကို ခံစားကြ၏။ ထိုကျေးဇူးတော်ကို ခံစားရသည်အကြောင်းမှာ ယုံကြည်ခြင်းရှိ၍၊ ထိုသခင်အားဖြင့်သာခံစားသော အခွင့်ကို ရကြ၏။ သို့ဖြစ်၍ ဘုရားသခင်၏ဘုန်းတော်ကို မြော်လင့်၍ ဝါကြွားဝမ်းမြောက်ခြင်းရှိကြ၏။”

ကျွန်ုပ်တို့၏ အနာဂတ်ကို ထာဝစဉ်လုပသေချာစေပြီး ကျွန်ုပ်တို့အားလုံး လိုအပ်သော ပုဂ္ဂိုလ်တစ်ဦးရှိ ပါသည်။ ရက်စက်ကြမ်းကြုတ်ပြီး ရှုတ်ချဖွယ်လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ ပူဇော်သက္ကာထက် ကြီးမြတ်သော ပူဇော်သက္ကာသည် ဤလောကတွင်မရှိပါ။ အပြစ်သားများ နေရာတွင် အသေခံတော်မူခြင်းသည် စစ်မှန်သော ဧဝံဂေလိတရား၏ နှလုံးသား (သို့) အဓိကဖြစ်သည်။ ကျွန်ုပ်တို့သည် ဤအမှန်တရားကို သန့်ရှင်းသောဧဝံဂေလိတရားအဖြစ် ဟောပြောရမည်။ ယနေ့ အခြားသူများသည် မည်သို့ပင်ပြောပါစေ၊ ၎င်းသည် ဓမ္မသစ်ကျမ်း၏ အဓိကသတင်းစကားဖြစ်ပြီး လက်ဝါးကပ်တိုင်ပေါ်တွင် ခရစ်တော်၏ အစားထိုးခြင်းနှင့် အထူးပူဇော်သက္ကာဖြစ်သည်။ အခြားသူများ မည်သို့ကြွေးကြော်နေပါစေ၊ ကျွန်ုပ်တို့သည် ရှေးခေတ်ခရစ်ဝင်ကျမ်း ၁ ကော ၁၅ အတိုင်း သစ္စာရှိရန် လိုအပ်သည်။ ယနေ့တွင်၊ လက်ဝါးကပ်တိုင်၏ ထိရောက်မှုကို သံသယ သို့မဟုတ် ငြင်းဆိုပြီး ၎င်းတို့၏မိုက်မဲမှုနှင့် သူတို့၏ဆိုးကျိုးအတွက် ခရစ်တော်ကို ဘုရားသခင်အဖြစ်မှ ငြင်းပယ်သောသူ အချို့လည်း ရှိပါသည်။ ဆာလံ ၅၃:၁၊ တွင် ‘ဘုရားသခင်မရှိဟု မိုက်သောသူသည် ထင်တတ် ၏။ ထိုသို့သော သူတို့သည် ဆေးမြေ့ယိုယွင်း၍ စက်ဆုပ် ဘွယ်သော ဒုစရိုက်ကို ပြုတတ်ကြ၏။ ကောင်းသောအမှု ကို ပြုသော သူတယောက်မျှမရှိ။’

ခရစ်တော်၏လက်ဝါးကားတိုင်သည် သမိုင်းဝင်ခရစ်ယာန်ဘာသာ၏အခြေခံအုတ်မြစ် နှင့် အဓိကဖြစ်သည်။ ကျွန်ုပ်တို့သည် ဧဝံဂေလိတရားသတင်းစကားမှ ခရစ်တော်၏ အပြစ်ဖြေခြင်းဖြစ်သော အသေခံခြင်းကို ဖယ်ထုတ်ပါက၊ ကျွန်ုပ်တို့တွင် ကျန်သောအရာဘာမှ မရှိပါ။ ရှင်မသဲ

၁:၂၁ က ‘သားယောက်ျားကို ဘွားမြင်လိမ့်မည်။ ထိုသားသည် မိမိလူတို့ကိုအပြစ်မှ ကယ်ချွတ်မည်သူဖြစ်သော ကြောင့်၊ ယေရှု ဟူသောအမည်ဖြင့် မှည့်ရမည်ဟု ကောင်းကင်တမန်ဆို၏။’ ခရစ်တော်၏အသွေးတော်အားဖြင့်သာ ကျွန်ုပ်တို့၏အပြစ်များကို ခွင့်လွှတ်ခြင်းနှင့် မျှော်လင့်ချက်မရှိပါက၊ ၎င်းသည် ဓမ္မသစ်ကျမ်း၏ စစ်မှန်သောခရစ်ယာန်ဘာသာနှင့် ကွဲပြားသော ခရစ်ယာန်ဘာသာဖြစ်သည်။

ဂလာတိ ၆း၁၄ တွင် တမန်တော်ပေါလုက “ငါဖြစ်လျှင်၊ ငါတို့သခင်ယေရှုခရစ်၏ လက်ဝါးကပ်တိုင်တော် မှတပါးဘယ်အရာ၌မျှ ဝါကြွားခြင်းမရှိ ပါစေနှင့်။ ထိုလက်ဝါးကပ်တိုင်တော်မှာ ဤလောကသည် ငါ့အဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။ ငါသည် လည်း ဤလောကအဘို့ ရိုက်ထားခြင်းကိုခံလျက်ရှိ၏။” ၁ကော ၂း၂ “အကြောင်းမူကား၊ ယေရှုခရစ်တည်းဟူသော လက်ဝါးကပ်တိုင်မှာ အသေခံတော်မူသော သခင်မှတပါး၊ အဘယ်အရာကိုမျှ သင်တို့တွင် ငါမသိမမှတ်ဟု ငါစိတ် ပြဋ္ဌာန်းခြင်းရှိ၏။” ဤကျမ်းပုဒ်သည် မာတင်လူသာဂျုံ၏ ဘဝကျမ်းချက်ဖြစ်လာပြီး သူ၏အုတ်ဂူကျောက်တုံးပေါ်တွင် တွေ့ရှိရသည်။ သမ္မာကျမ်းစာ၏ ခရစ်ယာန်ဘာသာဖြစ်လျှင် လက်ဝါးကပ်တိုင်၏ ခရစ်ယာန်ဘာသာဖြစ်ရမည်။ “တရားဟောဆရာများ၏မင်းသား” ဟုလူသိများသော Charles Spurgeon က “ဓမ္မဂေလိ တရား၏နှလုံးသည် ရွေးနှုတ်ခြင်းဖြစ်ပြီး ရွေးနှုတ်ခြင်း၏အနှစ်သာရမှာ လက်ဝါးကပ် တိုင်ပေါ်၌ ခရစ်တော်၏ အစားထိုးပူဇော် သက္ကာဖြစ်သည်” ဟုဆိုခဲ့သည်။

## လက်ဝါးကပ်တိုင်တွင် ကယ်တင်နိုင်သော တန်ခိုးရှိပါသလား?။

2Cor 5:21 “အဘယ်ကြောင့်နည်းဟူမူကား၊ ဘုရားသခင်သည်အပြစ်နှင့် ကင်းစင်သောသူကို ငါတို့အတွက်ကြောင့် အပြစ်ရှိသောသူဖြစ်စေတော်မူ၏။ အကြောင်းမူကား၊ ငါတို့သည်ထိုသူ အားဖြင့် ဘုရားသခင်ရှေ့တော်၌ ဖြောင့်မတ်သောသူဖြစ်မည် အကြောင်းတည်း။”




“အပြစ်ကို မသိသော” ခရစ်တော်ဖြစ်သည်။ သို့သော် ကျွန်ုပ်တို့အတွက်ကြောင့်၊ သူသည် အပြစ်သားသဖွယ်ဖြစ်လာပြီး ကျွန်ုပ်တို့အတွက် အသေခံခဲ့သည်။ ဒါဟာ အရေးကြီးသော ယုံကြည်ချက် (သို့) အယူဝါဒဖြစ်ပြီး၊ ခရစ်တော်၏အသက်တာသည် အပြစ်နှင့်ကင်းပြီးပြည့်စုံသည်။ မြေကြီးပေါ် ရှိစဉ်

သူ၏ဘဝတစ်လျှောက်လုံးတွင် ယေရှုသည် အပြစ်မရှိပေ။ "သင်တို့တွင် အဘယ်သူသည် ငါ့ကို အပြစ်ရှိစေသနည်း" ဟု မိန့်တော်မူသောအခါ၊ မဖြေနိုင်ကြ (ယော ၈း၄၆)။ ဒါကို ရောမဘုရင် ပွန္တိပိလတ်တောင်မှ အသိအမှတ်ပြုသည်။ လက်ဝါးကပ်တိုင်မှာ ရိုက်ထားပါစေ ဟုလူတွေကြွေးကြော်သည့်အခါ အဘယ့်ကြောင့် ပိလတ်မင်းက သူဘာမကောင်းတာ လုပ်လို့လဲ သူ့မှာအပြစ်မရှိဘူး လို့ပြောတာလဲ? (မဿဲ ၂၇:၂၃)။ သူတို့သည် ကိုယ်တော်၌ အပြစ်ရှာမတွေ့သောကြောင့်၊ ကိုယ်တော်အား စွဲချက်တင်ရန်အတွက် သူပြောခဲ့သောစကား လိမ်လည်သည်ဟုစွပ်စွဲကာ လှည့်ကွက်လုပ်ကြသည်။ သင် ယေရှုကို အပြစ်ရှာနိုင်သလား?။

1 ပေတရု 2:20-25 တွင်၊ ကျွန်ုပ်တို့၏အပြစ်များကို သစ်ပင်ပေါ်၌ မိမိကိုယ်ခန္ဓာ၌ ထမ်းရွက်ခဲ့ကြောင်းကို သတိရမိသည်။ သခင်ယေရှု၏ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့အတွက် ထင်ရှားသောပုံသက်သေဖြစ်သည်။ ဒါဟာ ဥပမာတစ်ခုထက်ပိုပါတယ်။ ကျွန်ုပ်တို့၏အပြစ်များကို ခံနိုင်ရည်ရှိစေသော အစားထိုးအဖြစ်လည်း ထမ်းရွက်ပြီး ကျွန်ုပ်တို့၏ဝိညာဉ်ရေးရာ ကုသပေးရန်အတွက်လည်း ထောက်ပံ့ပေးထားသည်။ ပေတရုသည် သစ်သားလက်ဝါးကပ်တိုင်တွင် သခင်ယေရှု၏ ကြီးစွာသောအမှုတော်အကြောင်းကို ခရစ်ယာန်များအား အဆက်မပြတ် သတိပေးရန်နှင့်၊ ဘုရားသခင်၏အလိုတော်အတိုင်း၊ ယေရှု၏ဆင်းရဲဒုက္ခသည် ကျွန်ုပ်တို့အတွက် များစွာ ပြီးမြောက်ကြောင်း ပြသရန် ပေတရုက ဖော်ပြခြင်းဖြစ်သည်။

## ကယ်တင်ခြင်း၏အကျိုးကျေးဇူးများ

Rom 5:10 "အကြောင်းမူကား၊ ရန်သူဖြစ်လျက်ပင် ဘုရားသခင်၏ သားတော်အသေခံ တော်မူခြင်းအားဖြင့်၊ ငါတို့ သည် ဘုရားသခင်နှင့် မိဿဟာယဖွဲ့ခြင်း ကျေးဇူးတော်ကို ခံရသည်မှန်လျှင်၊ မိဿဟာယဖွဲ့ပြီးမှ၊ အသက်တော် အားဖြင့် ကယ်တင်တော်မူခြင်းသို့ ရောက်မည်ဟုသာ၍ မြော်လင့်စရာရှိ၏။"

ထို့ကြောင့်၊ ငါတို့သည် အပြစ်တရား၌ အသေခံ၍ ဖြောင့်မတ်ခြင်းတရား၌ အသက်ရှင်ခြင်းငှါ၊ ပေါလုနှင့် ပေတရုတို့သည် ယေရှု ကားတိုင်ပေါ်တွင် အသေခံသောအခါ၊ ကျွန်ုပ်တို့သည်လည်း အပြစ်အတွက် အသေခံပြီး ကိုယ်တော်နှင့် ငြိမ်သက်စွာနေသင့်သည်ဟု ကျွန်ုပ်တို့အား သတိပေးသည်။ လက်ဝါးကပ်တိုင်မှာ သခင်ယေရှုကို သက်သေခံခြင်းဖြင့် ကျွန်ုပ်တို့၏အသက်တာ ထာဝရပြောင်းလဲသွားသည် (ရောမ ၆)။ သခင်ယေရှု၏ ပြီးပြည့်စုံသော ပူဇော်သက္ကာကြောင့် ကျွန်ုပ်တို့၏ အပြစ်ကြွေးကို လက်ဝါးကပ်တိုင်မှာ ပေးဆပ်ခဲ့သည်ဟူသော အဓိပ္ပာယ်ဖြင့်

ကျွန်ုပ်တို့သည် အပြစ်အတွက် အသေခံခဲ့သည်။ အကြောင်းမူကား၊ သူသည် ကျွန်ုပ်တို့၏အပြစ်ကြွေးအားလုံးကို ပေးဆပ်ခဲ့ပြီး၊ ကျွန်ုပ်သည် ဘုရားသခင်နှင့် ပြန်လည်သင့်မြတ်ခဲ့ပြီး၊ ကျွန်ုပ်တို့သည် ခရစ်တော်အတွက် လွတ်လပ်စွာ အသက်ရှင်နေထိုင်နိုင်ပြီး၊ ကျွန်ုပ်၏ဘုရားသခင်နှင့် ကယ်တင်ရှင်အဖြစ် ခရစ်တော်ကို ကိုးကွယ်ဝတ်ပြုရန် ဖြစ်သည်။

ဤလောက၌ မိမိကိုယ်မိမိ၊ လောကနှင့် ၎င်း၏ငွေကို နှစ်သက်ခြင်း၊ များစွာသော ကာမဂုဏ်နှင့် ဆွဲဆောင်မှုတို့ကြောင့် ငါတို့သည် သေရမည်၊ ထို့ကြောင့် စစ်မှန်သောယုံကြည်သူတိုင်းသည် ယုံကြည်ခြင်းအားဖြင့် အပြစ်အတွက်အသေခံသော ယေရှုအတွက် အသက်ရှင်သင့်သည်။ ကျွန်ုပ်တို့၏ အနာရောဂါငြိမ်းခြင်း(ဝိညာဉ်ရေး)အတွက် ထောက်ပံ့ပေးခြင်းသည် ယေရှု၏ ဆင်းရဲဒုက္ခကြောင့် ဖြစ်သည်။ ကျွန်ုပ်တို့ဝိညာဉ် ကုသခြင်းကို လက်ခံရရှိပြီး တစ်နေ့တွင် ခရစ်တော်၌ ကျွန်ုပ်တို့၏ ရှင်ပြန်ထမြောက်ခြင်းနှင့်အတူ ပြီးပြည့်စုံမည်ဖြစ်သည်။

## ယေရှုခရစ်တော်ကား မည်သူနည်း။

ကျွန်ုပ်တို့၏ သခင်ယေရှုက "ငါသည် ဤလောက၏အလင်းဖြစ်၏" ဟု မိန့်ဆိုခဲ့သည်၊ ၎င်းသည် သူ၏ ပြည့်ဝသော ဘုရားဖြစ်ခြင်း၏ မမှားနိုင်သော ကြေငြာချက်ဖြစ်သည်။ "ငါတို့၏ဘုရားသခင် ခရစ်တော်သည် ဤလောက၏အလင်းဖြစ်တော်မူ၏။" အပြစ်နှင့် ယုတ်ညံ့ခြင်း၏အမှောင်ကို မောင်းထုတ်ပြီး ကျွန်ုပ်တို့အား မျှော်လင့်ချက်အသစ်နှင့် အလင်းပေးသည်။ မယုံကြည်သော ယုဒလူတို့က၊ သင်၏မှတ်တမ်းသည် မမှန်ပေ ဟုပြောခဲ့ကြသည်" (ယော ၈း၁၃)။ သင်လည်း ဘုရားသခင်ကို သံသယရှိမှာလား? လောကီသံသယများနှင့် ကြောက်ရွံ့မှုများအားလုံးကို ဖယ်ထားကြပါစို့။ ယေရှုသည် လူ့ဇာတိ၌ရှိသော ဘုရားသခင်ဖြစ်တော်မူ၏။ ၁ တိမောသေ ၃:၁၆ တွင်ဖော်ပြထားသည့်အတိုင်း-

> "မှန်သောကိုးကွယ်ခြင်း၏ နက်နဲသောအရာသည် ကြီးစွာသောအရာဖြစ်သည်ဟု ငြင်းခုံရန်မရှိ။ ဘုရားသခင်သည် ကိုယ်ခန္ဓာ၌ ပေါ်ထွန်းတော်မူပြီ။ ဟုတ်မှန်တော်မူခြင်းအကြောင်းသည် ဝိညာဉ်တော်အား ဖြင့် ထင်ရှားပြီ။ ကောင်းကင်တမန်တို့သည် ကိုယ်တော်ကို ရှုမြင်ရကြပြီ။ တပါးအမျိုးသားတို့သည် သိတင်းတော်ကို ကြားရကြပြီ။ လောကီသားတို့သည် ယုံကြည်ရကြပြီ။ ဘုန်းအသရေနှင့်တကွ အထက်သို့ ဆောင်ယူခြင်းကို ခံတော်မူပြီ။"

ဘုရားသခင်သည် ကျွန်ုပ်တို့၏စိတ်နှလုံးကို အပြစ်စီရင်ချက်ပေးသောကြောင့် ကျွန်ုပ်တို့၏ စိတ်ထဲတွင် နားလည်ပြီး အသွင်ပြောင်းလဲကာ ယနေ့ သမ္မာကျမ်းစာ၏ သခင်ယေရှုထံ ပြန်လှည့်ရန်

လိုအပ်ပါသည်။ အချို့က ခရစ်ယာန်ဘာသာ၏ ယေရှုကို ယုံကြည်ရန် နှိပ်စက်ညှဥ်းပန်းမှုနှင့် ဆင်းရဲဒုက္ခအချို့ကို ကြုံတွေ့ရပေမည်။ တမန်တော် ၁၄:၂၂ က၊ "ထိုသို့ပြန်ကြစဉ်၊ တပည့်တော်များ၏ စိတ်နှလုံးကို မြဲမြံခိုင်ခံ့စေသဖြင့်၊ ယုံကြည်ခြင်း၌ တည်ကြည်မည်အကြောင်း နှိုးဆော်ချီးပင့်၍၊ ငါတို့သည် များပြားသောဆင်းရဲဒုက္ခကိုခံ၍ ဘုရားသခင်၏ နိုင်ငံတော်သို့ ဝင်ရကြမည်ဟု ဟောပြောပြည့်နှင်ကြ၏။"




ကျွန်ုပ်တို့၏ယေရှုကို ယုံကြည်ကိုးစားရန် အဘယ်ကြောင့် သူတို့သည် ညှဥ်းပန်းနှိပ်စက်ခြင်းကို ခံနေကြရသနည်း။ လောကသည် ကျွန်ုပ်တို့အား ကောင်းမှုပြုရန်၊ စည်းကမ်းများကို နာခံရန် ညွှန်ကြားပေးနိုင်သော်လည်း၊ ကယ်တင်ခြင်းသို့ရောက်ရန်၊ ခွင့်လွှတ်ခြင်းခံရန်နှင့် ဘုရားသခင်၏သား/သမီးများဖြစ်ရန် မပြောပေးပါ။ ကျွန်ုပ်တို့၏ သခင်ယေရှုကို ယုံကြည်ရန်အတွက် အချို့သူများသည် ကြီးစွာသောညှဥ်းပန်းနှိပ်စက်ခြင်းကို ခံရပေမည်။ ဘုရားသခင်တပါးတည်းသာလျှင် ထာဝရငြိမ်သက်ခြင်းကို ပေးသနားတော်မူသည် (ဟေရှာယ ၉:၆)၊ "မိမိလက်ဝါးကပ်တိုင်တော်၏အသွေးအားဖြင့် ငြိမ်သက်ခြင်းကို ပြုတော်မူသည်" (ကောလောသဲ ၁:၂၀)၊ ကျွန်ုပ်တို့၏အပြစ်များကို လက်ဝါးကပ်တိုင်၏ခရစ်တော်အားဖြင့် ခွင့်လွှတ်ပြီး သန့်ရှင်းပါစေ။

## အကျွန်ုပ်ဘာလုပ်ရန်ရှိသနည်း။

ဤအရာအားလုံးကို တုံ့ပြန်ရန် ကျွန်ုပ်တို့ ဘာလုပ်သင့်သနည်း။ သင်သည် မိမိကိုယ်ကို နှိမ့်ချပြီး အပြစ်သားဖြစ်ကြောင်း ဝန်ခံပြီး ခရစ်တော်ကို သင်၏ကယ်တင်ရှင်နှင့် သခင်အဖြစ် ယုံကြည်လက်ခံမည်လား။ ယခု သင်သည် သူ့ကို ယုံကြည်မည်လား။ သင်တို့၏အရာအားလုံးကို စွန့်လွှတ်ပြီး ကျွန်ုပ်တို့၏အပြစ်များမှ ကယ်တင်ရန် အသေခံခဲ့သော လက်ဝါးကပ်တိုင်၏ ခရစ်တော်ထံသို့ လှည့်ပြန်လာမည်လော? သင်၏အပြစ်တွေကို နောင်တရပြီး ကယ်တင်ရှင်နဲ့ သခင်အဖြစ် ခရစ်တော်ကို ယုံကြည်ပြီး သင့်အတွက် သခင်ယေရှု အသေခံခြင်း ဆိုလိုရင်းကို စိတ်နှလုံးထဲက ပြောနိုင်မှာလား?။

ကိုယ်တော်ကို ရှာ၍ ယုံကြည်ကိုးစားခြင်းမှ သင့်ကို တားဆီးနေခြင်းကား ဘယ်အရာနည်း။ အဘယ်အရာများက သင့်အား နောင်တနှင့် ယုံကြည်ကိုးစားခြင်းမှ ကင်းဝေးစေရန် ဖုံးကွယ်ထားသနည်း။

ရောမ ၁၀:၉-၁၀ တွင် ပေါလုက ဤသို့ဆိုသည်- "အဘယ်သို့နည်းဟူမူကား၊ သင်သည် သခင်ယေရှုကိုနှုတ်ဖြင့် ဝန်ခံ၍၊ ဘုရားသခင်သည် သူ့ကို သေခြင်းမှ ထမြောက်စေတော်မူပြီဟု စိတ်နှလုံးထဲ၌ ယုံကြည်လျှင်၊ ကယ်တင်ခြင်းသို့ရောက်လိမ့်မည်။ ဖြောင့်မတ်ရာသို့ ရောက်ခြင်းငှါ စိတ်နှလုံးဖြင့် ယုံကြည်ရ၏။"




ကယ်တင်ရှင်ကို ယုံကြည်ခြင်းနှင့် လက်ခံခြင်းမှ တားဆီးနိုင်သည့် အကြောင်းရင်းကား အဘယ်နည်း။ သင့်အား ယုံကြည်ခြင်းမှ ရပ်တန့်စေသော အခြေအမြစ်မရှိသော အကြောက်တရား သို့မဟုတ် အကြောင်းရင်းကား အဘယ်နည်း။ သင့်အား တရားစီရင်ခြင်းမှ ကယ်တင်ရန် ဘုရားသခင်၏ အမျက်တော်ခံခဲ့သော ခရစ်တော်ကို ယုံကြည်ကိုးစားခြင်းမှ ကွယ်ဝှက်ထားသော အကြောင်းရင်းကား အဘယ်နည်း။ "ဤလောက၏ အပြစ်ကို ဆောင်သွားသော ဘုရားသခင်၏ သိုးသငယ်" ကိုသာ ကိုးစားပါ (ယောဟန် ၁:၂၉)။ သူသည် ဘုရင်များ၏ တစ်ဦးတည်းသောနှင့် ထိုက်တန်သောဘုရင်ဖြစ်ပြီး ဘုရားသခင်ထံ ကျွန်ုပ်တို့ပြန်လာရန်၊ ဘုရားသခင်ရှေ့တော်၌ ကျွန်ုပ်တို့ကို စောင့်မျှော်နေပြီး၊ ကျွန်ုပ်တို့၏အပြစ်များကို နောင်တရကာ စိတ်နှလုံး အကြွင်းမဲ့ဖြင့် ကိုယ်တော်ကိုရှာရမည်ဖြစ်သည်။ နှောင့်နှေးမနေဘဲ အချိန်မနှောင်းမီ ယခုလုပ်ပါ။ တွေ့နိုင်ကာလ တွင် သခင်ကိုရှာပါ (ဟေရှာယ ၅၅:၆-၇)။

## **နိဂုံး**

ရောမ ၈:၁ "ဘုရားသခင်ကယ်လွှတ်တော်မူသောကြောင့် ယေရှုခရစ်၌တည်၍၊ ဇာတိပကတိအတိုင်း မကျင့်၊ ဝိညာဉ် ပကတိအတိုင်း ကျင့်သောသူတို့သည် အပြစ်စီရင်ခြင်း နှင့် လွတ်ကြ၏။"




မည်သူမဆို စစ်မှန်သောယုံကြည်ခြင်းဖြင့် ခရစ်တော် တစ်ပါးတည်းသာ ကယ်တင်နိုင်သော ကြောင့် ယနေ့တွင် အားလုံးအတွက် သတင်းကောင်းရှိ ပါသည်။ ကျွန်ုပ်၏အပြစ်များကို နောင်တရ၍ သူနှင့်အတူ အမွေဆက်ခံပြီး ကျွန်ုပ်တို့ကို သန့်ရှင်းစေတော်မူသော ခရစ်တော်အဖို့ မိမိအသက်တာကို ဆက်ကပ်အပ်နှံ

လိုက်ပါ။ ကျွန်ုပ်တို့သည် ဘုရားသခင်နိုင်ငံတော်၏ အစိတ်အပိုင်းဖြစ်ရန်နှင့် ယနေ့ကျွန်ုပ်တို့၏ အသက်တာတွင် ထာဝရအသက်နှင့် ကိုယ်တော်ရှင်ပြန် ထမြောက်ခြင်းကို အောက်မေ့သတိရကာ ဤလောက-အပြစ်နှင့် ကင်းကွာရန် ကြိုးပမ်းကြပါစို့။ **အာမင်။**

**Rev. Dr Jack Sin**
Sovereign Hope Bible-Presbyterian Church
Singapore